# မွန်ပြည်နယ်လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၂)ခုနှစ်

## ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

## (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

**နိဒါန်း**

၁။ မွန်ပြည်နယ်လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းတာဝန်များ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုအား ကူညီပံ့ပိုးအား ပေးနိုင်သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ခိုင်မာအားကောင်းနိုင်ရေးအလို့ငှာ မွန်ပြည်နယ် လွှတ်တော်၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအတည်ပြု အပ်ပါသည်။

**မျှော်မှန်းချက် (Our Vision)**

၂။ မွန်ပြည်နယ်လွှတ်တော်သည် အများပြည်သူများက ယုံကြည်အားထားမှုရှိ၍ ခိုင်မာအား ကောင်းသော ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် တရားဥပဒေစိုးမိုးရေး၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စောင့်ကြည့်ထိန်းကျောင်းပေး သည့် ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံးတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အကောင် အထည်ဖော်ဆောင်ရွက်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်သည့် လွှတ်တော်တစ်ရပ် ဖြစ်ပေါ်လာစေ ရမည်။

**ရည်မှန်းချက် (Our Mission)**

၃။ မွန်ပြည်နယ်လွှတ်တော်သည် ပြည်သူတစ်ရပ်လုံးကို ထိရောက်သောကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေသုံးစွဲနေမှုများကို စောင့်ကြည့်ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်သွားရန်။

**တန်ဖိုးထားမှုများ (Our Core Values)**

၄။ မွန်ပြည်နယ်လွှတ်တော်၏ တန်ဖိုးထားမှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်ခြင်း၊

(ခ) တန်းတူညီမျှခြင်း၊

(ဂ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(ဃ) သိက္ခာရှိခြင်း၊

(င) ရိုးသားခြင်း၊

(စ) အပြန်အလှန်လေးစားမှုရှိခြင်း၊

(ဆ) တရားမျှတမှုရှိခြင်း၊

(ဇ) စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) စွမ်းဆောင်ရည်ပြည့်ဝခြင်း။

**ရည်ရွယ်ချက်များ (Our Objectives)**

၅။ မွန်ပြည်နယ်လွှတ်တော်သည် အောက်ပါရည်ရွယ်ချက်များကို သတ်မှတ်ထားရှိပါသည်-

(က) ပြည်သူလူထုနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းအားဖြင့် ကိုယ်စားပြုခြင်းကို ဆောင်ရွက်သွားရန်၊

(ခ) ဥပဒေပြုရေးနှင့် လွှတ်တော်အစည်းအဝေးများ၏ အရည်အသွေးပိုမိုကောင်းမွန်လာစေရန်၊

(ဂ) ကော်မတီများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် စောင့်ကြည့်ထိန်းကျောင်းခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားရန်၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် လွှတ်တော်ကော်မတီဝင်များအား အရည်အသွေးမြှင့်တင်ရန်။

**လုပ်ငန်းစဉ်များ(Action Objectives)**

၆။ မွန်ပြည်နယ်လွှတ်တော်သည် သတ်မှတ်ထားသော ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ထားရှိပါသည်-

**(က) ပြည်သူလူထုနှင့် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံခြင်းအားဖြင့် ကိုယ်စားပြုခြင်းကို ဆောင်ရွက်သွားရန်**-

(၁) လွှတ်တော်ကိုယ်စားလှယ်များမှ မဲဆန္ဒရှင်လူထုများနှင့် ပုံမှန်ထိတွေ့ဆက်ဆံ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားရန်၊

(၂) လွှတ်တော်၏လုပ်ငန်းဆောင်ရွက်ချက်များကို website၊ ဂျာနယ်၊ TV၊ ရေဒီယိုစသည့် လမ်းကြောင်းများဖြင့် လူထုများထံ သိရှိနိုင်ရေး သတင်းဖြန့်ဝေမှုများ ဆောင်ရွက်သွားရန်၊

(၃) လူထုကြားနာပွဲများဆောင်ရွက်ခြင်း(Public Hearing) လူထုများ၏ အကြံပြုချက်များရယူ ဆောင်ရွက်ခြင်း(Public Consultation)၊ လူထုတွေ့ဆုံဆွေးနွေးပွဲများ(Town Hall Meeting)၊ အသိပညာပေး ဆွေးနွေးပွဲများ စသည့်နည်းလမ်းအားဖြင့် လူထုများနှင့်ပုံမှန်တွေ့ဆုံမှုများ ဆောင်ရွက်သွားရန်၊

(၄) လူထုများ၏ တင်ပြချက်များ၊ အသနားခံလွှာများ၊ အကြံပြုချက်များကို လက်ခံဆောင်ရွက်နိုင်သည့် စာတိုက်ပုံးများ၊ တိုင်စာပုံးများ၊ ဝင်စာလက်ခံဌာနများ၊ ပြည်သူ့ဆက်ဆံရေးဌာနများကို ဖွင့်လှစ်ဆောင်ရွက်သွားရန်နှင့် အရေးယူဆောင်ရွက်ချက်များကို ပြန်လည်ချပြရန်၊

(၅) အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူတန်းစားအလွှာအသီးသီးနှင့် လုပ်ငန်းရှင်နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ပုံမှန်ထိတွေ့ဆက်ဆံ ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်သွားရန်နှင့် ရယူလာသောအချက်အလက်များကို စုဆောင်းသိမ်းဆည်းဆောင်ရွက်သွားရန်၊

(၆) လွှတ်တော်ရေးရာကော်မတီများနှင့် ဒေသခံများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများထိတွေ့ဆက်ဆံမှုများရရှိနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုများ၊ ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်သွားရန်၊

(၇) လွှတ်တော်အစည်းအဝေးများတွင် စိတ်ပါဝင်စားသူများအား တက်ရောက်လေ့လာခွင့်များ ဆောင်ရွက်သွားရန်၊

(၈) လူတန်းစားအလွှာအသီးသီးနှင့် နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ လွှတ်တော် ရုံးသို့လွယ်လင့်တကူ ဝင်ထွက်သွားလာရန် အဆင်ပြေချောမွေ့သည့် လွှတ်တော်အဆောက်အဦ ဖြစ်စေရေးအတွက် ဆောင်ရွက်သွားရန်၊

(၉) လွှတ်တော်စာကြည့်တိုက်လုပ်ငန်းများ၊ အင်တာနက်ဆက်သွယ်ရေးများနှင့် E Govလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်သွားရန်၊

(၁၀) မြို့နယ်အသီးသီးမှ လူထုများရဲ့ သဘောဆန္ဒများကို လွယ်ကူစွာတင်ပြနိုင် ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များရုံးမှတစ်ဆင့်ဖြစ်စေ၊ ဌာနဆိုင် ရာများမှဖြစ်စေ တင်ပြဆောင်ရွက်ခွင့် စီစဉ်ဆောင်ရွက်သွားရန်၊

(၁၁) သက်ဆိုင်ရာလမ်းကြောင်းအသီးသီးက ရရှိသောသဘောထားဆန္ဒများကို လွှတ်တော်ရေးရာကော်မတီအစည်းအဝေးများတွင်ဖြစ်စေ၊ လွှတ်တော် အစည်းအဝေးများတွင်ဖြစ်စေ၊ လွှတ်တော်အစည်းအဝေးများတွင်ဖြစ်စေ၊ တင်ပြဆွေးနွေး၍ အရေးယူဆောင်ရွက်မှုများကို ပြန်လည်ချပြအသိပေး အပ်ရန်၊

(၁၂) လွှတ်တော်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူထု များပါဝင်သော သုံးပွင့်ဆိုင်အစည်းအဝေးများကို လိုအပ်သလို စီစဉ်ဆောင် ရွက်သွားရန်။

**(ခ) ဥပဒေပြုရေးနှင့်လွှတ်တော်အစည်းအဝေးများ၏ အရည်အသွေးပိုမို ကောင်းမွန် လာစေရန်**-

(၁) ဥပဒေကြမ်းများရေးဆွဲရာတွင် ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာကျွမ်းကျင် ပညာရှင်များ၏ ကူညီပံ့ပိုးမှု၊ အကြံပြုမှုများကို ရယူဆောင်ရွက်သွားရန်၊

(၂) ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူလူထုများထံသိရှိနိုင်ရေးအတွက် ချပြ ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှု အဖွဲ့အစည်းများ၊ လူထုအလွှာအသီးသီးတို့မှ ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ ဆောင်ရွက်သွားရန်၊

(၃) ခေတ်နှင့်လျော်ညီပြီး ပြည်သူလူထုများ၏အကျိုး ပြည်နယ်၏အကျိုးကို တိုးတက်စေမည့် ဥပဒေကြမ်းများကို ရေးဆွဲတင်ပြသွားရန်၊

(၄) ဥပဒေများရေးဆွဲနိုင်ရေးအတွက် လိုအပ်သောသုတေသနလုပ်ငန်းများ၊ စစ်တမ်းကောက်ယူခြင်းများ၊ မှီငြမ်းကိုးကားနိုင်မည့် သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စနစ်တကျ စုစည်းသိမ်းဆည်းရန်၊

(၅) လွှတ်တော်အစည်းအဝေးများ၊ ရေးရာကော်မတီအစည်းအဝေးအစီအစဉ်များအား နှစ်စဉ်၊ လစဉ်လွှတ်တော်ပြက္ခဒိန်များ ကြိုတင်ရေးဆွဲဆောင်ရွက်သွားရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ရန်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲထားရှိသွားရန်၊

(၆) လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေးနှင့် စည်းကမ်းတကျဖြစ်စေရေးကိုဆောင်ရွက်သွားရန်၊

(၇) လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး လိုအပ်သောသက်သေအထောက်အထားများ၊ သတင်းအချက်အလက်များကို စနစ်တကျ စုဆောင်းဆောင်ရွက်သွားရန်၊

(၈) အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးကို တွန်းအားပေးဆောင်ရွက်သွားရန်၊

(၉) အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများအား ပြည်သူလူထုများအကြား သိရှိစေရေးအတွက် ဥပဒေပညာပေးလုပ်ငန်းများနှင့် သတင်းဖြန့်ဝေရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်သွားရန်၊

(၁၀) လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများအား စုစည်းထားရှိမည့် မှတ်တမ်းထိန်းသိမ်းရေးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(၁၁) လွှတ်တော်ဆိုင်ရာနည်းဥပဒေများကို လိုအပ်သလိုပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားရန်၊

(၁၂) အစိုးရအဖွဲ့မှတင်သွင်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများ တင်ပြမှုနှင့်စပ်လျဉ်းပြီး လုံလောက်သော လေ့လာသုံးသပ်မှုများနှင့် ပြည်သူလူထုများ၏ သဘောထားဆန္ဒများရယူဆောင်ရွက်နိုင်ရေးအတွက် တိကျသောအချိန်သတ်မှတ်ချက်များထားရှိရန်၊

**(ဂ) ကော်မတီများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် စောင့်ကြည့်ထိန်းကျောင်းခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားရန်-**

(၁) လွှတ်တော်ရေးရာကော်မတီများအလိုက်ဖြစ်စေ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ဖြစ်စေ ကဏ္ဍအလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ စွမ်းရည်မြှင့်သင်တန်းများကို စီစဉ်ဆောင်ရွက်သွားရန်၊

(၂) အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်လွှတ်တော်များအကြားဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်နှင့်ဖြစ်စေ၊ ရေးရာကော်မတီများ၏ လုပ်ငန်းပိုင်ဆိုင်ရာအသိအမြင်ဖလှယ်ခြင်းလုပ်ငန်းများကို ကျင်းပဆောင်ရွက်သွားရန်၊

(၃) နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ၊ လေ့လာမှုခရီးစဉ်များကို စီစဉ်ဆောင်ရွက်သွားရန်၊

(၄) ပြည်တွင်းပြည်ပပညာရှင်များ၊ သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှု၊ အကြံပြုမှုများကို ရယူဆောင်ရွက်သွားရန်၊

(၅) လွှတ်တော်၏ ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကောင်ထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်သော သတင်းအချက်အလက် ရယူဆောင်ရွက်သွားရန်၊

(၆) ရေးရာကော်မတီများအချင်းချင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားရန်၊

(၇) နိုင်ငံတကာအသီးသီး၏ ဖြစ်ပျက်ပြောင်းလဲမှုဆိုင်ရာကိစ္စများ၏ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူဆောင်ရွက်ခွင့်စီစဉ်ဆောင်ရွက်သွားရန်၊

(၈) ရေးရာကော်မတီများ၏ အကြံပြုတိုက်တွန်းချက်များအပေါ် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်မှုအခြေအနေများကို လွှတ်တော်အစည်းအဝေးများတွင် ပြန်လည်တင်ပြဆောင်ရွက်သွားရန်၊

(၉) ရေးရာကော်မတီများလုပ်ငန်းဆောင်ရွက်ချက်များ ကူညီပံ့ပိုးပေးနိုင်မည့်လွှတ်တော်ဝန်ထမ်းများအား လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်သွားရန်၊

(၁၀) အတည်ပြုပြဋ္ဌာန်းပြီးသည့် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာဥပဒေနှင့်စပ်လျဉ်းပြီးအများပြည်သူလူထုသိရှိနိုင်ရေးအတွက် ချပြခြင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအား စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့် ထိန်းကျောင်းသွားရန်၊

(၁၁) လုံလောက်သောအရင်းအမြစ်များ ရရှိနိုင်ရေးအတွက် ထားရှိဆောင်ရွက်သွားရန်။

**(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် လွှတ်တော်ကော်မတီဝင်များအား အရည်အသွေးမြှင့်တင်ရန်**-

(၁) ဝန်ထမ်းများ၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ သက်သာချောင်ချိရေးဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုများအတွက် လိုအပ်သော သင်တန်းများကို စီစဉ်ဆောင်ရွက်သွားရန်၊

(၂) လွှတ်တော်ဝန်ထမ်းများ၏ မိသားစုဘဝ လူမှုရေးပိုင်းဆိုင်ရာကိစ္စရပ်များ ကိုတတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်သွားရန်၊

(၃) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးနှင့် အရည်းအသွေးပိုမိုဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်သွားရန်၊

(၄) လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီဝင်များ၊ လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် လုံလောက်မျှတသော

ချိုးမြှင့်စရိတ်များ၊ ခံစားခွင့်များနှင့်သက်သာခွင့်များကို စီစဉ်ဆောင်ရွက်သွားရန်၊

(၅) လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီဝင်များ၏ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် လိုအပ်သော မော်တော်ယာဉ်များ၊ စက်သုံးဆီများနှင့် တည်ခိုးဆောင်များ ကူညီဖြည့်ဆည်းပေးရန်၊

(၆) လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်သည့် စက်ပစ္စည်းကိရိယာများကို လုံလောက်စွာ ကူညီဖြည့်ဆည်းဆောင်ရွက်သွားရန်၊

(၇) သင်တန်းလေ့ကျင့်ရေးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် သတ်မှတ်အချိန်ဇယားများကို ရေးဆွဲဆောင်ရွက်သွားရန်၊

(၈) လွှတ်တော်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သော ICT စက်ပစ္စည်းကိရိယာများနှင့် နည်းပညာပံ့ပိုးမှုများကို ကူညီဆောင်ရွက်သွားရန်၊

(၉) လွှတ်တော်သက်တမ်းတစ်ခုနှင့်တစ်ခုအကြား လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လက်ဆင့်ကမ်းဆောင်ရွက်ပေးနိုင်မည့် လွှတ်တော်မိတ်ဆက်အစီအစဉ်များကို စီစဉ်ဆောင်ရွက်သွားရန်။

**အထွေထွေ**

၇။ လွှတ်တော်ဥက္ကဋ္ဌသည် မွန်ပြည်နယ်လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း အောင်မြင်ရေးအတွက် ဦးဆောင်၍ အကောင်ထည်ဖော်ဆောင်ရမည်။ လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့်အဖွဲ့များကို လွှတ်တော်၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၈။ လွှတ်တော်ဥက္ကဋ္ဌသည် မဟာဗျူဟာစီမံကိန်း အောင်မြင်တိုးတက်မှု အခြေအနေအား လေ့လာသုံးသပ်နိုင်ရန် လိုအပ်သည့်အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၉။ မဟာဗျူဟာစီမံကိန်း အောင်မြင်တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့သည် ဘဏ္ဍာငွေအားဖြင့်ဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်မှုအရဖြစ်စေ၊ အခြားလိုအပ်သည်များကို တတ်နိုင်သမျှ ကူညီပံ့ပိုးဆောင်ရွက်ခြင်းပြုရန်ဖြစ်သည်။

၁၀။ လွှတ်တော်ဥက္ကဋ္ဌသည် မဟာဗျူဟာစီမံကိန်းပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို ရယူဆောင်ရွက်နိုင်သည်။

တင်အိ

ဥက္ကဋ္ဌ
မွန်ပြည်နယ်လွှတ်တော်